dvbdebate.com    facebook.com/dvb.debateTwitter@dvbdebate

**DVB TV timetable**

| | | | |
|---|---|---|---|
| **Sun** | 19:15 | 21:00 | night repeat |
| **Mon** | 10:15 | 15:15 | 21:00 |
| **Wed** | 10:15 | 15:15 | 21:00 |
| **Fri** | 10:15 | 15:15 | 21:00 |

"ဒီဗွီဘီ ဒီဘိတ်" အချေအတင် ဆွေးနွေးပွဲ အစီအစဉ်ကို DVB Multimedia Group က စနေနေ့တိုင်း တိုက်ရိုက် ရိုက်ကူးပြီး ဒီဗွီဘီရုပ်သံလိုင်းမှာ တစ်ဖက်ပါ အစီအစဉ်အတိုင်း ထုတ်လွှင့် တင်ဆက်ပါတယ်။

DVB Debate ဟာ မိမိတို့ရဲ့ အတွေးအမြင် အယူအဆတွေကို လွတ်လပ်စွာ သဘောကွဲလွဲနိုင်ဖို့၊ အပြန်အလှန် နားလည်မှုတွေကို တည်ဆောက်နိုင်ဖို့၊ မြန်မာ့အနာဂတ် ပိုမိုကောင်းမွန်လာစေဖို့၊ လူ့အဖွဲ့အစည်းအတွင်းမှာ ရှိနေတဲ့ ပြဿနာတွေကို အဖြေရှာနိုင်ဖို့၊ လူတိုင်းပါဝင်နိုင်ပြီး မတူကွဲပြားတာတွေကို လက်ခံပေးနိုင်ဖို့၊ အချေအတင်ဆွေးနွေးတဲ့ ယဉ်ကျေးမှုပေါ်ထွက်လာစေဖို့ ရည်ရွယ်ပါတယ်။

မီဒီယာတွေနဲ့ အသင်းအဖွဲ့တွေကိုလည်း အခုလို လွတ်လပ် ပွင့်လင်းတဲ့ ဒီဘိတ်ရဲ့ အချေအတင် ဆွေးနွေးပွဲမှာ ပါဝင်ဖို့ကို ဖိတ်ခေါ်ပါတယ်။ အပတ်စဉ် သတင်းထုတ်ပြန်ချက်များ၊ သတင်းဓာတ်ပုံများနဲ့ ဒီဘိတ်ကာတွန်းကို ရုပ်သံရိုက်ကူးပြီး မကြာခင်မှာပဲ ဒီဗွီဘီဒီဘိတ်ရဲ့ ဖေ့စ်ဘုတ်စာမျက်နှာနဲ့ ဝက်ဘ်ဆိုက်မှာ ကြည့်ရှုနိုင်ပါတယ်။ ပြည်တွင်းမှာ ပြုလုပ်မယ့် အချေအတင် ဆွေးနွေးတဲ့ ဒီဘိတ်တွေကို ပံ့ပိုးကူညီဖို့ DVB Debate မှာ ရန်ပုံငွေ ရှိပါတယ်လို့ အသိပေးလိုပါတယ်။

# DVB DEBATE

ယခုအပတ် ဆွေးနွေးပွဲအတွက် မေးခွန်းကတော့

***"Yangon Elections: What Do Candidates Promise You?"***

ဖြစ်ပါတယ်။

- ❖ မှတ်ချက်ပေးလိုတာ၊ အကြံပြုလိုတာနဲ့ မေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၁ ၂၉၂၇၄၃ နဲ့ debate@dvb.no ကို ဆက်သွယ်ပြီး အဖွဲ့ဝင်တစ်ဦးဦးထံ မေးမြန်းနိုင်ပါတယ်။

## ဒီတစ်ပတ်မှာတော့ ``ရန်ကုန်စည်ပင်ရွေးကောက်ပွဲမှာ ကိုယ်စားလှယ်လောင်းတွေ ရွေးခံရရင် တကယ်စွမ်းနိုင်မှာလား``ဆိုတဲ့ ဒီဘိတ်ကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။

ရန်ကုန်မြို့နေလူထုတို့ စဉ်စားတွေးတောထားတာ မရှိသေးတဲ့ ရန်ကုန်မြို့ရဲ့ယန္တရားကြီးထဲက အရေးကြီးအခန်းကဏ္ဍမှာ ရှိနေတဲ့ မြို့တော်စည်ပင်ရဲ့ကော်မတီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲကြီးကို ကျင်းပဖို့ အချိန်တစ်ပတ်သာ လိုပါတော့တယ်။

အခုပြုလုပ်တဲ့ စည်ပင်ရွေးကောက်ပွဲဟာ ရန်ကုန်မှာ နှစ်ပေါင်း ၆၀ ကျော်ကာလ ပထမဆုံးပြုလုပ်မှာဖြစ်ပြီး အချိန် သီတင်းတစ်ပတ်သာလိုတော့ပေမယ့် ရန်ကုန်သားတွေကတော့ ဒီရွေးကောက်ပွဲကို သတိမှထားမိကြရဲ့လားလို့တောင် ဆိုကြရမယ့် အနေအထားဖြစ်ပါတယ်။

ရန်ကုန်လူထုအတွက် စည်ပင်ဟာ ဘယ်လောက်အထိ အရေးပါပါသလဲ။ နိုင်ငံ့စုစုပေါင်းလူဦးရေရဲ့ ၁၀ ရာခိုင်နှုန်းရှိတဲ့ ၅ ဒသမ ၂ သန်း နေထိုင်တဲ့ ရန်ကုန်နေသူတွေရဲ့ နေ့စဉ် ရှုန်းကန် လှုပ်ရှားရှင်သန်မှုကနေ ဘဝနိဂုံးချုပ်တဲ့အထိ စည်ပင်လက်ထဲမှာလို့ ဖြေရမှာပါ။

နေထိုင်ဖို့ အဆောက်အဦး ဆောက်လုပ်မှု၊ ပြင်ဆင်မှုအတွက် စည်ပင်ရဲ့ ခွင့်ပြုချက် လိုပါတယ်။ စီးပွားရေးလုပ်ငန်းလိုင်စင်တွေ ရဖို့နဲ့ မြို့တွင်းမြို့ပြင် သယ်/ပို့ကိစ္စမှာလည်း စည်ပင်က ပါရတာပါပဲ။ ရန်ကုန်မြို့လမ်းဘေးဈေးသည်တွေနဲ့ လမ်းတွေပိတ်ဆို့မှုမှာလည်း စည်ပင်က အရေးကြီးပြန်ပါတယ်။

ဒါ့အပြင် ရေစီးရေလာရေမြောင်းကိစ္စ၊ အမှိုက်ကိစ္စ၊ ကျန်းမာရေးကိစ္စကနေ သေကြပြီဆိုပါတော့... ရေဝေး၊ ထိန်ပင် အရောက်သွားဖို့ စည်ပင်နဲ့ တွေ့ရဦးမှာပါ။ ရန်ကုန်က နေရေးခက် သေရေးခက်တဲ့ မြို့တော်ပါ။ ရန်ကုန်မြို့နေ လူတန်းစားအလွှာအသီးသီးဟာ စည်ပင်နဲ့နေ စည်ပင်နဲ့သေရတဲ့ ဘဝပါ။

ဒီလောက်အရေးပါနေတဲ့ စည်ပင်ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုပိုင်းမှာတော့ သတင်းထုတ်ပြန်မှု အပါအဝင် အတော်လေး အားနည်းနေတာကြောင့် ဝေဖန်မှုတွေ များစွာခံနေရပါတယ်။ ကျပ်သိန်းပေါင်း ၅၀၀၀ ကျော် ကျခံသုံးစွဲဖို့ လျာထားတဲ့ ရန်ကုန်စည်ပင်ရွေးကောက်ပွဲဟာ မကြာခင် အသက်ဝင်တော့မှာပါ။

အိမ်ထောင်စုစာရင်းရှိ တစ်အိမ်ထောင်တစ်ယောက် မဲပေးခွင့်၊ ကိုယ်စားလှယ်လောင်းနဲ့ ပတ်သက်လို့ တိုင်ကြားမယ်ဆို ပြန်မရမယ့် ငွေကျပ် ၅သိန်း ပေးရမယ့် အချက်တွေကလည်း ဝေဖန်စရာ မေးခွန်းထုတ်စရာ ဖြစ်နေပါတယ်။ ရန်ကုန်စည်ပင်ရွေးကောက်ပွဲမှာ မြို့တော်အဆင့် ၄ နေရာ၊ ခရိုင်အဆင့် ၁၂ နေရာ၊ မြို့နယ်အဆင့် ၉၉နေရာ၊ စုစုပေါင်း ၁၁၅ နေရာအတွက် ကိုယ်စားလှယ်ပေါင်း ၂၉၃ ဦးက ဝင်ရောက်ယှဉ်ပြိုင်ကြမှာဖြစ်ပြီး မဲပေးခွင့်ရှိသူ အရေအတွက်က ၄၀၁၆၃၄ ဖြစ်ပါတယ်။

ဒီတော့ ရွေးကောက်ပွဲမတိုင်ခင် တစ်ပတ်အလို ဒီကနေ့မှာတော့ ပါဝင် ဝင်ရောက် ယှဉ်ပြိုင်အရွေးချယ်ခံမယ့် ကိုယ်စားလှယ်လောင်းတွေရဲ့ အရည်အသွေးနဲ့ လုပ်နိုင်စွမ်းကို DVB ဒီဘိတ် အစီအစဉ်မှာ ဆွေးနွေး ငြင်းခုံ အဖြေရှာကြည့်မှာ ဖြစ်ပါတယ်။

## သူတို့အမြင်

"ပြည်သူ့ကိုယ်စားလှယ် ပါဝင်မှုက နည်းနေတယ်။ မြို့တော်ဝန်ဆိုတာကလည်း ပြည်သူက တိုက်ရိုက်ခန့်တာ မဟုတ်ဘူး။ အစိုးရက ခန့်တာဆိုတော့ မဲခွဲရင်တောင် သူတို့က ငါးမဲဖြစ်နေပြီ" **ကိုကျော်လင်းဦး** - နိုင်ငံရေးလေ့လာသူ။

"ကျနော်တို့က ရပ်ကွက်ထဲမှာ စည်ပင်သာယာရေးကော်မတီ ရွေးကောက်ပွဲ လုပ်မယ့်ဟာကို သိကိုမသိခဲ့ဘူး။ အခုသိတော့လည်း အသက်အရ လျှောက်လို့မရဘူး။ တကယ်လုပ်ပေးချင်တဲ့၊ တက်ကြွတဲ့ လူငယ်တွေ၊ တကယ်လုပ်နေသူတွေ ပါဝင်သင့်တယ်။ ရပ်ကွက်တခုမှာ သိသူနည်းတယ်။ ဒါက အရေးကြီးတယ် " **ကိုထွန်းမြတ်** - ပြည်သူတစ်ဦး။

"အခု စည်ပင်သာယာရေးကော်မတီဟာ ဗိုလ်ချုပ်ကြီးတွေ လက်ထက်ကတည်းက ဖွဲ့စည်းခဲ့တာ။ ကော်မတီအသစ်ကို ဥပဒေနဲ့အညီ ပြန်မဖွဲ့ရသေးဘူး။ ဒါဟာ ဥပဒေက သူ့ကိုအပ်နှင်းထားခြင်း မရှိတဲ့ အခွင့်အာဏာကို အသုံးချနေတဲ့ သဘောပါ"
**ဒေါက်တာညိုညိုသင်း** - ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်အမတ်။

``ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးရေးဆင်းတဲ့ အခါမှာ လူထုကို တော်တော်ကို ရှင်းပြနေရပါတယ်။ လူတွေကြားထဲမှာလည်း ဒီရွေးကောက်ပွဲကို မသိကြသေးဘူး။ တချို့ကလည်း ၂၀၁၅ ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲလားလို့ မေးကြပါတယ်``
**စည်ပင်ရွေးကောက်ပွဲဝင်မည့် ကိုယ်စားလှယ်လောင်းတစ်ဦး။**

***Information links:***

http://www.thevoicemyanmar.com
http://www.7daydaily.com
www.news-eleven.com
**http://dvbdebate.net/**